ARTICLE 19

# မြန်မာ၊ ငြိမ်းချမ်းစွာစုဝေးခြင်း နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ဆိုင်ရာ ဥပဒေမူကြမ်း

မေလ- ၂၀၁၆ခု

Legal analysis

# မာတိကာ

**မာတိကာ** .......... **2**

**နိဒါန်း** .......... **2**

**ဥပဒေမူကြမ်းအားခွဲခြမ်းစိတ်ဖြာခြင်း** .......... **4**

အဓိပ္ပာယ်ဖွင့်ဆိုချက်များ .......... 4

ဥပဒေမူကြမ်း၏ရည်မှန်းချက်များ .......... 5

စုဝေးပွဲများ ၏ အသိပေးအကြောင်းကြားချက် .......... 6

အသိပေးအကြောင်းကြားချက်တစ်ခုတွင်ပါရှိရမည့်အကြောင်းအရာ .......... 7

အသိပေးအကြောင်းကြားခြင်း  ပုံစံ .......... 8

အလိုအလျှောက်ပေါ်ပေါက်သောစုဝေခြင်းများ .......... 8

စုဝေးခြင်းများနှင့်ပတ်သက်သောကြိုတင် ကြိုတင်သတ်မှတ်ချက်များ နှင့် ၄င်းကြိုတင်သတ်မှတ်ချက်များအား အလွဲသုံးခြင်းကိုကာကွယ်ခြင်းကို ကာကွယ်ခြင်း .......... 9

စုဝေးပွဲများ၏အကြောင်းအရာနှင့်ကျင်းပပုံကျင်းပနည်းအပေါ်ကန့်သတ်ချက်များ .......... 10

စုဝေးပွဲများနှင့်တုံ့ပြန်သောစုဝေးပွဲများကိုလွယ်ကူချောမောအောင်ဆောင်ရွက်ပေးခြင်း .......... 12

စုဝေးပွဲများကို တားဆီးပိတ်ပင်၊ ရပ်တံ့  လူစုခွဲနိုင်သည့်အာဏာ .......... 12

စုဝေးခြင်းများ အတွက် ရာဇဝတ်မှု ပြစ်ဒါဏ်များ .......... 14

**ARTICLE 19 အကြောင်းသိကောင်းစရာ** .......... **15**

# နိဒါန်း

ARTICLE 19 က အသစ်ရွေးကောက်တင်မြှောက်ခံရသောအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ၏ မြန်မာနိုင်ငံတွင် ဆန္ဒဖေါ်ထုတ်ခြင်းဆိုင်ရာဥပဒေပြင်ဆင်ရေးစတင်ဆောင်ရွက်မှုကိုကြိုဆိုလိုက်ပါသည်။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့်ငြိမ်းချမ်းစွာဆန္ဒဖေါ်ထုတ်ခြင်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေမူ ကြမ်းကို လွှတ်တော်သို့မြန်ဆန်စွာတင်သွင်းလိုက်ခြင်းသည် လွတ်လပ်စွာထုတ်ဖေါ်ပြောဆိုခွင့်နှင့် လွတ်လပ် စွာစု ဝေးခွင့်ကို သိသိသာသာ ကန့်သတ် ထားသောဥပဒေကိုပြင်ဆင်လိုသည့်အစိုးရ၏ လိုလားသော အချက်ဖြစ်ကြောင်း လည်းသိသာစေသည်။

ထိုကာလအတွင်းမှာပင် ကျွန်ုပ်တို့အနေဖြင့် အစိုးရအား ထိုဥပဒေကြမ်းကိုခေတ္တရပ်ဆိုင်းထားပြီး လွှတ်တော်သို့မတင်သွင်းမီအရပ်ဘက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးညှိနှိုင်းရန် တိုက်တွန်းပါသည်။ အထူးသဖြင့် ဆွေးနွေးမှုသည် ယခင်အတိုင်းဆန္ဒပြသူများကိုဆက်လက်ဖိနှိပ်ခွင့်ကို ဥပဒေတွင်အခွင့်ပေးထားမထားနှင့်မည်မျှအထိဆောင်ရွက်မည်ကို အကဲဖြတ်စေသင့်သည်။ ARTICLE 19 ကအထူးသဖြင့်လက်ရှိဥပဒေတွင် အောက်ပါအချက်များအားစိုးရိမ်ပူပန်မှုရှိသည်

- ဒီမိုကရေစီလူ့ဘောင်တွင်မလိုအပ်သောပြဋ္ဌာန်းချက်များပါဝင်နေခြင်း
- ဥပဒေကိုရှင်းလင်းပြတ်သားစွာရေးသားထားခြင်းမရှိသလိုအဓိပ္ပာယ်အမျိုးမျိုးထွက်စေသောပြဋ္ဌာန်းချက်များပါဝင်နေခြင်း
- ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်သူများအားရာဇဝတ်မှုမြောက်စေပြီး ထောင်ဒဏ်အပြစ်ပေး ခြင်းများ ပါဝင်နေခြင်း

ဥပဒေကြမ်းသည် ၂၀၁၄ခုကပြင်ဆင်ခဲ့သော ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့် အခွင့်အရေးမှရှေ့သို့တစ်လှမ်းတိုးလိုက်ခြင်းပင်ဖြစ်ပေလိမ့်မည်။ သို့သော်ငြားလည်း ယင်းတွင် ရာဇဝတ်မှုအဖြစ်သတ်မှတ်ခြင်း၊ မသဲကွဲသောပြဋ္ဌာန်းချက်များပါရှိနေဆဲဖြစ်သဖြင့် ARTICLE 19 အဖွဲ့အနေဖြင့် ၂၀၁၄ခု ခု ဥပဒေအပေါ်တွင်စိုးရိမ်ပူပန်မှုများဖြစ်ပေါ်ခဲ့သည်၊ထို့ပြင် ၂ နှစ်ကာလအတွင်း ငြိမ်းချမ်းစွာဆန္ဒပြသူ လူပေါင်း ရာချီပြီး ရာဇဝတ်မှုဖြင့်စွဲဆိုပြီးထောင်ချ ခဲ့သည်။

ARTICLE 19 က အကြံပြုထောက်ခံ တင် ပြလိုသည်မှာ အစိုးရသည်-

- ဥပဒေကြမ်းကိုလွှတ်တော်သို့တင်သွင်းခြင်းလုပ်ငန်းစဉ်ကိုခေတ္တရပ်နားပြီး အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဥပဒေပြင်ဆင်ရေးကိုကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးအကြံဉာဏ်ရယူရန်။ ယင်းအကြံဉာဏ်ရယူခြင်းတွင် အထူးသဖြင့် ဥပဒေကြမ်း၏ပြဋ္ဌာန်းချက်များမှအမျိုးမျိုးကွဲပြားသွားနိုင်ချေ၊ ဒီမိုကရေစီတွင် လိုအပ်ချက်ကိုစမ်းသပ်ခြင်းနှင့် လိုရာဆွဲ အသုံးပြုနိုင်ချေရှိမရှိစသည်တို့ကို စဉ်းစား သင့်ပေသည်။ အကြံဉာဏ်ရယူခြင်းကို ငြိမ်းချမ်းစွာစုဝေးခွင့်စည်းရုံးခွင့်ဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်နှင့် အထူးတရားစီရင်ရေးနှင့်ခုံသမာဓိစီရင်ရေးဆိုင်ရာ ကုလသမဂ္ဂ အထူး ကိုယ်စားလှယ်တို့က ထုတ်ပြန်သော "စုဝေးခြင်းဆိုင်ရာအတွက် လက်တွေ့ သဘော ဆောင် သည့် ပူးတွဲထောက်ခံမှုများ"၏လမ်းညွှန်မှုဖြင့်ဆောင်ရွက်သင့်သည်။ [၁]
- ဆန္ဒဖော်ထုတ်သည့်ကာလအတွင်း မည်မျှရာဇဝတ်မှုမြောက်သော အပြုအမူများပြုမူခဲ့သနည်းဆိုသည်ကိုစဉ်းစားစေလိုသည်။ ပုံစံအားဖြင့် ဆန္ဒပြစဉ် ပစ္စည်းဥစ္စာများကို ဖျက်ဆီးခြင်းသို့မဟုတ် အကြမ်းဖက်ခြင်းများ စသည်တို့အတွက် ငြိမ်းချမ်းစွာစုဝေးဆန္ဒပြခြင်းဆိုင်ရာ သီးသန့်ဥပဒေဖြင့် အရေးယူခြင်းထက် အထွေထွေသော ရာဇဝတ်မှုများကို အရေးယူဆောင်ရွက်သော ရာဇဝတ်မှုဆိုင်ရာဥပဒေ များဖြင့်သာ ရဲအဖွဲ့ကဆောင်ရွက် အရေးယူ ဆောင်ရွက်သင့်သည်။ ထိုအချက်ကို အခြေခံစဉ်းစားပြီး ဥပဒေကြမ်းကိုပြင်ဆင်ဖြည့်စွက်သင့်သည်။
- နိုင်ငံတကာအရပ်ဘက်ဆိုင်ရာနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာသဘောတူစာချုပ်ကိုလက်မှတ်ရေးထိုးခြင်း၊ယင်းကိုမြန်မာအစိုးရက ၂၀၁၅ခု နိုဝင်ဘာလ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ Universal Periodic Review (UPR) တွင် အတည်ပြုလက်မှတ်ရေးထိုးရန်သဘောတူ ကြောင်းကိုလက်ခံခဲ့ပြီးဖြစ်သည်။ ထိုကာလအတွင်း နိုင်ငံတကာလူ့အခွင့်အရေး စနစ်များနှင့်ပိုမို ထဲထဲဝင်ဝင် စတင်ပါဝင်ဆောင်ရွက်လာသင့်သည်။ ဥပမာ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်စုရုံးခွင့်ဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်ကိုမြန်မာနိုင်ငံသို့ဖိတ်ကြားပြီး ယခုဥပဒေကြမ်းအားပြင်ဆင်ခြင်း လုပ်ငန်းတွင် ထောက်ပံ့မှုပေးစေလိုသည်။

အောက်ပါအခန်းတွင် ARTICLE 19 က ဤဥပဒေမူကြမ်းနှင့်ပတ်သက်ပြီး နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများအပေါ်တွင်အခြေခံသည့် ရည်ညွှန်းတင်ပြချက်များနှင့်အတူ ဦးစားပေး စဉ်းစာဘွယ်ရာများကို မီးမောင်းထိုးပြလိုက်ပါသည်။

# ဥပဒေမူကြမ်းအားခွဲခြမ်းစိတ်ဖြာခြင်း

**အဓိပ္ပာယ်ဖွင့်ဆိုချက်များ**

ARTICLE 19 ကတွေ့ရှိသည်မှာ ဥပဒေမူကြမ်း (ပုဒ်မ ၂) ပါအဓိပ္ပာယ်ဖွင့်ဆိုချက်များသည် အလွန်ကျယ် ပြန့်လွန်းပြီး အဓိပ္ပာယ်အမျိုးမျိုးထွက်နေသည်ကိုတွေ့ရသည်။ အာဏာပိုင်များအနေဖြင့် ဥပဒေကို လိုရာဆွဲ အသုံးချနိုင်ချေရှိပြီး အခြေခံလူ့အခွင့်အရေးကျင့်သုံးမှုကိုတရားမဝင်ငြင်းပယ်ခွင့်ရနိုင်ချေရှိသည်။ အထူးသဖြင့်

- ပုဒ်မ ၂ (ခ) ပါ နိုင်ငံသား ဖြစ်မှု citizenship ဟူသောစကားရပ်၏အဓိပ္ပာယ်ဖွင့်ဆိုချက်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသော ကန့်သတ်မှုများပါဝင်သည့်အဓိပ္ပာယ်ကို ထင်ဟပ်ထား ခြင်း၊ လူမျိုးရေးအပေါ်အခြေခံသည့်ခွဲခြားမှုဖြင့် အခြေခံလူ့အခွင့်အရေးများကျင့်သုံးမှုအပေါ်တွင် ခြိမ်း ခြောက်မှုများရှိနေခြင်း၊ နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေက ပြဆိုသည်မှာ လူမျိုး၊မျိုးနွယ်စုသို့မဟုတ် ပြောင်းရွှေ့နေထိုင်သူ(အခြားသောအကြောင်းများကိုအခြေခံ၍သော်လည်းကောင်း) စသည်တို့နှင့် မသက်ဆိုင်ဘဲ လူအားလုံးသည် လွတ်လပ်စွာဖေါ်ထုတ်ပြောဆိုခွင့်နှင့်ငြိမ်းချမ်းစွာ စုဝေးခွင့်ကို ခွဲခြားမှုမရှိ ခံစားနိုင်ရမည်ဖြစ်ပါသည်။ [၂]
- ပုဒ်မ ၂(ခ)နှင့် (ဂ) တို့တွင်ဖေါ်ပြထားသော ငြိမ်းချမ်စွာစုဝေးခြင်း peaceful assembly နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း peaceful procession တို့နှင့်ပတ်သက်သော အဓိပ္ပာယ် ဖွင့်ဆိုချက်များသည် အလွန်ကျဉ်းမြောင်းသည်ကိုတွေ့ရသည်။ဥပဒေမူကြမ်းအားဥပဒေအဖြစ်အတည် ပြုပြဌာန်းပြီးသောအခါတွင် ဥပဒေကအကာအကွယ်ပေးရမည့်အခွင့်အရေး၏နယ်ပယ်ကိုကန့်သတ် ထားသည်။ဥပဒေကိုလိုက်နာသော သို့မဟုတ် အများပြည်သူနှင့်သက်ဆိုင်သောနေရာတွင်ပြောရန်ခွင့် ပြုထားသောမိန့်ခွန်းကိုပြောသော စုဝေးခြင်းသို့မဟုတ်စီတန်းလှည့်လည်ခြင်းတို့ကိုသာ အကာ အကွယ်ပေးမည် ဟုပြဆိုထားခြင်းသည် အခြားသော ဥပဒေဆိုင်ရာများနှင့် အများပြည်သူတည်ငြိမ် အေးချမ်းရေးကိုမထိခိုက်သော အသေးအဖွဲချိုးဖေါက်မှုများအတွက်တရားဥပဒေအရအကာအကွယ် ပေးခြင်းကိုဆုံးရှုံးစေနိုင်ပေသည်။
- နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေကရှင်းလင်းပြဆိုထားသည်ကို ARTICLE 19 က သတိပြုမိသည်မှာ စုဝေးမှုများသည်  စည်းမျဉ်းများကို မလိုက်နာယုံမျှဖြင့်  ငြိမ်းချမ်းမှုမရှိဟု သတ်မှတ်၍မရ။ ဥပမာ- စုဝေးမှုများနှင့်စီတန်းလှည်လည်ခြင်းသည် လမ်းကြောင်းသို့မဟုတ်၊ နေရာသည် ခွင့်ပြုထားသောနေရာများမှ လွဲချော်သွားခဲ့ခြင်းမျိုးများဖြစ်သည်။ စုဝေးပုံစုဝေးနည်းနှင့်ပါဝင်သောသူတို့၏ ရည်ရွယ်ချက်ကို စဉ်းစားသုံးသပ်ပြီး " ငြိမ်းချမ်းစွာ "ဟူသောစကားရပ်ကို ကျယ်ပြန့်စွာနားလည်ထား သင့်သည်။ စုရုံးမှုသည် သိသာထင်ရှားသော အကြမ်းဖက်မှုကိုဖြစ်စေရန် ရည်ရွယ်သည့် လှုံ့ဆော်ခြင်း၊ တိုက်တွန်းခြင်း၊ ဖြစ်စေမည့်တွန်းအားပေးသည့် အထောက်အထားမရှိလျှင် ထိုစုရုံးမှုကို ငြိမ်းချမ်းသောစုရုံးမှုဟုမှတ်ယူရမည်။[၃] စုရုံးမှုကြောင့် စုရုံးမှုတွင်မပါသောအခြားသူများ၏ လှုပ်ရှားဆောင်ရွက်မှုများကို ယာယီအားဖြင့်သာ နှောင့်နှေးကြန့်ကြာစေပါကလည်း ထိုစုဝေး ခြင်းကိုငြိမ်းချမ်းသောစုဝေးခြင်းအဖြစ်သတ်မှတ်ရမည်။ [၄] စုဝေးမှုတွင်အချို့သောပါဝင်သူတို့ကြောင့် ရံဖန်ရံခါဖြစ်ပေါ်သော အကြမ်းဖက်မှုနှင့်

ကျူးလွန်မှုများပေါ်ပေါက်လျှင်ပင် စုဝေးမှုတစ်ခုလုံးတွင်ပါဝင်
နေသောအခြားသူများ၏အခွင့်အရေးကိုပိတ်ပင်ရုပ်သိမ်းရန်မလိုအပ်ပါ။ ၅

- ပုဒ်မ ၂ –( င) နှင့် (စ ) တို့အရ ပိုစတာများနှင့် ဆိုင်ဘုတ်များနှင့်ပတ်သက်သည့်အဓိပ္ပာယ်ဖွင့်ဆိုချက် များမှာ " လူပုဂ္ဂိုလ်တစ်ဦး၏ဂုဏ်သိက္ခာကိုမထိစေသောဖေါ်ပြချက် " ဟူသောစကားရပ်ဖြင့်ကန့်သတ် ထားသည်။ ယင်းသို့ကန့်သတ်ခြင်းသည် အကြောင်းမဲ့စွာအလွန်အမင်းကန့်သတ်ခြင်းဖြစ်ပြီး ၎င်းစကားရပ်မှာ စုဝေးကာလအတွင်း ဆက်သွယ်ပြောဆိုကြမည့် သတင်းစကားပါ (content-based restricitions) အကြောင်းအရာပေါ်တွင်အခြေပြုသည့် ကန့်သတ်ချက်များကို ကျယ်ပြန့်စေပြီး ဥပဒေအရ တရားမဝင်ဖြစ်စေသည်။ သိသာထင်ရှားသော အကြမ်းဖက်မှု ဖြစ်စေရန်ရည်ရွယ်ချက်ရှိရှိ တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်းမဟုတ်လျှင် စုဝေခြင်းအတွက်သာ အသုံးချရန် အတွက် တစ်စုံတစ်ခုသောအကြောင်းအရာ ပေါ်တွင်ကန့်သတ်ပိတ်ပင်မှုအတွက်လူမှုရေးဆိုင်ရာ ဖိအားကြောင့်ဥပဒေပြဌာန်းရန်မလိုအပ်ပေ။

  (Content-based restricitions ဆိုသည်မှာ ဘာကြောင့် ပြောဆိုရသည် ၊ မည်ကဲ့သို့ ပြောဆိုသည် ဆိုခြင်းထက် ဘာကိုပြောဆိုသွားသည် ဆိုသည့် အကြောင်းအရာပေါ်တွင်သာ အခြေခံထားသည့် ကန့်သတ်မှုမျိုးဖြစ်သည်။)

အကြံပြု ထောက်ခံချက်များ

- ဥပဒေမူကြမ်း ပုဒ်မ ၂ တွင်ပါဝင်သော နိုင်ငံသားဖြစ်ခြင်း ကိုရည်ညွှန်းသော အဓိပ္ပာယ် ဖွင့်ဆိုချက် များကိုဖယ်ရှားရန်၊
- ဥပဒေကြမ်းက အားလုံးသော စုဝေးခြင်းများကိုပါ (အကြမ်းဖက်မှုအတွက် ဝါဒဖြန့်ချိရန်၊ လှုံ့ဆော်ရန် နှင့် အသုံးချရန် ရည်ရွယ်ချက်ကို သိသာထင်ရှားစွာ မဖော်ပြနိုင်လျှင်) "ငြိမ်းချမ်းသော" စုဝေခြင်းနှင့် စီတန်းလှည့်လည်ခြင်းအဖြစ် သက်ရောက်စေလျက် ကျယ်ပြန့်စွာ အဓိပ္ပါယ်ဖွင့်ဆိုရမည်။
- ပိုစတာ၊ဆိုင်းဘုတ်များနှင့်သက်ဆိုင်သည့်ကန့်သတ်ချုပ်ချယ်သည့်အဓိပ္ပာယ်ဖွင့်ဆိုချက်များကိုဖယ်ရှားသင့်သည်။

**ဥပဒေမူကြမ်း၏ရည်မှန်းချက်များ**

လူတိုင်းအတွက် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ထုတ်ဖော်ခွင့်ကို လွတ်လပ်စွာကျင့်သုံးနိုင်သည့် အခွင့်အရေးတစ်ရပ်ကိုပေးရာတွင် တိကျပြတ်သားရှင်းလင်းသော ယုတ္တိပင်မသဘောကို အခြေခံရန် ဥပဒေမူကြမ်း၏ပုဒ်မ ၃ တွင် လုံလုံလောက်လောက် ပျက်ကွက်လျက်ရှိသည်ကို ARTICLE 19 ကစိုးရိမ်မိသည်။

ဥပဒေမူကြမ်းမှ ကြိုဆိုရမည့် ရည်မှန်းချက်တစ်ခုမှာ ပုဒ်မ ၃ (ခ) ပါ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီ တန်းလှည့်လည်ခွင့်ကိုစနစ်တကျကျင့်သုံးခြင်းအား ဥပဒေအရအကာအကွယ်ပေးရေးပင်ဖြစ်သည်။ သို့သော် လည်း စိတ်မချမ်းမြေ့ဘွယ်ရာမှာ ယင်းသို့ဥပဒေအရအကာအကွယ်ပေးရေးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ နိုင်ငံသားများအတွက်သာကန့်သတ်ထားသည်။ အထက် တွင်ဖေါ်ပြသကဲ့သို့ အခွင့်အရေးများကိုကျင့်သုံးရာတွင်လူမျိုးနှင့်နိုင်ငံသားဖြစ်မှုအပေါ်အခြေခံပြီး ဥပဒေအ ရအကာအကွယ်ပေးခြင်းကိုခွဲခြားဆောင်ရွက်ခြင်းမပြုသင့်ပေ။

ဤရည်မှန်းချက်သည် ပုဒ်မ ၃ (က) နှင့် (ဂ) အရ အဖျက် သဘော ဆောင်မှုပိုများနေပုံရလေသည်။ ယင်း တို့ပေါင်းစပ်မှုက အခြားသော မရှင်းလင်းသည့်ရည်မှန်းချက်များနှင့်ယှဉ်လျှင် အခြေခံအခွင့်အရေးများအား ကာကွယ်ရန် ရည်ရွယ်ချက် ဒုတိယနေရာသို့ ရောက်ရှိစေသည်။ ဤမရှင်းလင်းသည့် ရည်မှန်းချက်များ တွင် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊လူထုအေးချမ်းသာယာတည်ငြိမ်းချမ်းရေး၊ အများပြည်သူဆိုင်ရာကိုယ်ကျင့်တရားနှင့် အခြားသူများအားအွန္တရယ်ဖြစ်စေခြင်း၊ထိခိုက်စေခြင်းနှင့်

တားဆီးပိတ်ပင်မှုဖြစ်စေခြင်းတို့အားကာကွယ်ရေး တို့ပါဝင်သည်။ ယင်းတို့သည် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေများတွင်တွေ့ရပြီးဖြစ်သည့် **လွတ်လပ်စွာ ထုတ်ဖေါ်ပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာစုဝေခြင်းတို့ကိုကန့်သတ်ထိန်းချုပ်ရန်အတွက်ဖြစ်သော "တရားဝင်ရည် မှန်းချက်များ"** ထက်ကျယ်ပြန့်သည်။ ထို့ကြောင့် တရားမဝင်ကန့်သတ်ထိန်းချုပ်မှုကိုတွန်းအားပေးကောင်းပေးနိုင်သည်။ ကျွန်ုပ်တို့အနေဖြင့် သတိပြုမိသည်မှာ နိုင်ငံတကာ နိုင်ငံသားနှင့် နိုင်ငံရေး ဆိုင်ရာ အခွင့်အရေး သဘောတူညီချက် (ICCPR) ၏ ပုဒ်မ ၁၉ (၃) နှင့် ပုဒ်မ ၂၁ တို့သည် အခြားသူများ၏ အခွင့်အရေး၊ နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ အများပြည်သူ ကိုယ်ကျင့် တရား၊ ပြည်သူ့ကျန်းမာရေး နှင့် ပြည်သူ့လုံခြုံရေး များအား ကာကွယ်ရန်ဆိုသည့် "တရားဝင် ရည်ရွယ်ချက်" များပြဌာန်းကာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ထိန်းချုပ်ထားသည့် ထိန်းချုပ်မှုများအား (ထိန်းချုပ်မှုများထပ်မံမကျယ်ပြန့်လာစေရန်) ကန့်သတ်မှုပြုထားသည်။ နောက်ဆက်တွဲအားဖြင့် ပုဒ်မ ၁၉ (၃) နှင့်ပုဒ်မ ၂၁ တို့ကပြဆိုသည်မှာ အားလုံးသောကန့်သတ်မှုများသည် အချိုးအစားမျှတမှုရှိခြင်း၊ လိုအပ်ချက်ဖြစ်ခြင်း တို့အပြင် တရားဥပဒေလိုအပ်ချက်နှင့်ကိုက်ညီခြင်းစသည့် အချက် ၃ချက် ဆန်းစစ်ချက်ကို ပြည့်စုံအောင် လိုက်နာရမည်ဟူ၍ ဖြစ်သည်။

အကြံပြု ထောက်ခံချက်များ

- ဥပဒေမူကြမ်း ၏ပုဒ်မ ၃ သည် အခြေခံရည်မှန်းချက်တစ်ခုအနေဖြင့်ချမှတ်သင့်သည်။ ယင်းသည် လွတ်လပ်စွာထုတ်ဖေါ်ပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်ကို ကူပံ့မည့် မှန်ကန်သည့်ခံယူချက် တစ်ခု ကိုဖန်တီးရမည်။ ထို့ပြင် နိုင်ငံတော်အနေဖြင့် ယင်းအခွင့်အရေးများကိုခွဲခြားမှုမရှိဘဲကာကွယ်မှုပေးမည့် တာဝန်တစ်ရပ်ကိုဖန်တီးသင့်သည်။
- ငြိမ်းချမ်းစွာစုဝေးခြင်းနှင့်ဆန္ဒဖေါ်ထုတ်ခြင်းတို့ကို ကန့်သတ်ချုပ်ချယ်နိုင်သော ဒွိဟဖြစ်မရှင်းလင်းသည့် အခြေခံများကို ဥပဒေမူကြမ်း၏ ရည်မှန်းချက်များမှ ဖယ်ထုတ်သင့်သည်။ ဥပဒေမူကြမ်း၏ ရည်မှန်းချက်သို့ မဖြစ်မနေသဘောဖြင့်မရည်ညွှန်းသင့်သော မည်သည့်ကန့်သတ် ချုပ်ချယ်မှု ကိုရည်ညွှန်း ချက်မဆို ICCPR.၏ ပုဒ်မ ၁၉ (၃) နှင့် ပုဒ်မ ၂၁ တို့ နှင့် ကိုက်ညီမှုရှိရမည်။

**စုဝေးပွဲများ ၏ အသိပေးအကြောင်းကြားချက်**

ARTICLE 19 က ဥပဒေမူကြမ်းတွင် စုဝေးပွဲများအတွက်ကြိုတင်ခွင့်ပြုချက်ရယူရခြင်းစနစ်မှ ကြိုတင် အကြောင်းကြားအသိပေးသောစနစ်သို့ပြောင်းလဲလာခြင်းအားကြိုဆိုသည်။ အသိပေးအကြောင်းကြားခြင်း စနစ်သည် အပြုသဘောဆောင်သော်လည်း၊ ယင်းသည် အသိပေးရမည့်အကြောင်းအရာများနှင့်ဗျူရိုကရက် စနစ်ကြောင့် ဆန္ဒဖေါ်ထုတ်ခွင့်ကိုကျင့်သုံးရာတွင် မလိုအပ်သောအတားအဆီးများအဖြစ်သို့ရောက်ရှိစေ သဖြင့် ဝန်ထုတ်ဝန်ပိုးဖြစ်စေသည်။

ကြိုတင်အကြောင်းကြားအသိပေးရသောစနစ်၏အပြုသဘောဆောင်သောအကြောင်းချင်းရာ (ပုဒ်မ --၄) သည်နိုင်ငံတကာ စံနှုန်းများနှင့်ကိုက်ညီသည်။

- အသိပေးအကြောင်းကြားစာလက်ခံသောအာဏာပိုင်အနေဖြင့် ထိုစာကို ငြင်းပယ်နိုင်သည့်အာဏာမရှိ၊
- အသိပေးအကြောင်းကြားစာများသည် စုဝေးပွဲမတိုင်ခင် ၄၈ နာရီကြိုတင်ပေးပို့ရန်လိုအပ်သည်။

သို့သော်လည်း ကျွန်ုပ်တို့သတိမူမိသည်မှာ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများ၌ စုဝေးပွဲများတွင် ပါဝင်သူများအနေဖြင့်အာဏာပိုင်များအား ကြိုတင်အသိပေးရန်အတွက်မဖြစ်မနေဆောင်ရွက်ရမည့် သ ဘော မရှိပေ၊ အသိပေးအကြောင်းကြားချက်သည် စုဝေးပွဲအားသက်ဆိုင်ရာအာဏာပိုင်များကလိုအပ်ချက် ဆောင်ရွက်ပေးနိုင်ရန်အတွက်သာ အသိပေးရန်လိုအပ်ကြောင်းယေဘုယျအားဖြင့်နားလည်ထားကြသည်။[၆] ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ဖေါ်ပြပြောဆိုချက်မှာ "စုဝေးပွဲများအတွက်ကြိုတင်အသိပေးအကြောင်း

ကြားချက်များကို နိုင်ငံအာဏာပိုင်များအနေဖြင့်ကြိုတင်ပြင်ဆင်လုပ်ဆောင်ပေးရန်မလိုအပ်သောစုဝေးပွဲ ထံမှရရှိရန်မျှော်မှန်းမထားရပေ၊ ပုံစံအားဖြင့် ပါဝင်သူအရေအတွက်နည်းခြင်းသို့မဟုတ်အများပြည်သူနှင့်ထိ တွေ့နိုင်ချေနည်းပါးသည့်စုဝေပွဲများဖြစ်သည်။[၇] ယင်းအချက်က အကောင်းဆုံး လက်တွေ့ အသုံးကျမှု ကိုထင်ဟပ်စေသည်၊ ကြီးမားသောစုဝေးပွဲများနှင့်ဆက်နွယ်၍သာကြိုတင်အသိပေး အကြောင်းကြားစာ လိုအပ်သည့်သဘော ဖြစ်သည်။[၈] ထိုသို့သော အခြေအနေများအတွက် ၄၈ နာရီကြိုတင်အသိပေးခြင်း သည် အချိုးအစားကျနပေသည်။[၉]

ဤကဲ့သို့သော အပြုသဘောဆောင်သည့်တိုးတက်မှုများရှိသော်ငြားလည်း အောက်ပါပြဿနာများပါဝင် သည့် ကြိုတင်အသိပေးအကြောင်းကြားခြင်းစနစ်နှင့်သက်ဆိုင်သော အရေးကြီးပြဿနာများရှိနေဆဲဖြစ်ပါ သည်။

**အသိပေးအကြောင်းကြားချက်တစ်ခုတွင်ပါရှိရမည့်အကြောင်းအရာ**

ပုဒ်မ ၄ (က)- (ဂ) အရ တိကျသောရည်ရွယ်ချက်၊စုဝေးပွဲ၏ခေါင်းစဉ်နှင့်ကြွေးကြော်သံများ၊ထို့အတူ ဟော ပြောမည့်သူ၏အကြောင်းအရာမည်သူမည်ဝါဖြစ်ကြောင်းနှင့်အသေးစိတ်ဆက်သွယ်နိုင်သည့်အချက်အလက် များသည် အသိပေးအကြောင်းကြားစာတွင်ဖော်ပြရန်မလိုအပ်ပါ။ [၁၀] ထိုအချက်များသည်အာဏာပိုင်များမှ ကြိုတင်ပြင်ဆင်မှုအတွက်အထောက်အပံ့မဖြစ်ပါ၊ သို့သော်လည်း ဥပဒေမူကြမ်းပုဒ်မ ၇-၉အရ အကြောင်းအ ရာပေါ်တွင်မူတည်ပြီး ကျယ်ပြန့်လွန်းလှသောတရားမဝင် ကန့်သတ်ချုပ်ချယ်မှုအတွက် အထောက်အပံ့ဖြစ်စေသည်။ နိုင်ငံတကာလူ့အခွင့်အရေးဥပဒေများကမူ စုဝေးပွဲတွင်ပါဝင်သူများနှင့်ဦးစီး ဦးဆောင်ပြုသူများဖေါ်ထုတ်တင်ပြလိုသောအကြောင်းအရာနှင့်ယင်း၏သဘောသဘာကိုကန့်သတ်ရန်အားထုတ်မှုမှာ ရှင်းလင်းသည်၊ လူမျိုးရေးခွဲခြားမှုများကိုလှုံ့ဆော်ခြင်း၊ အကြမ်းဖက် ရန်လိုသောသဘောတို့မပါဝင်လျှင် စုဝေးပွဲကို ဦးစီးသူတို့ ထုတ်ဖော်ပြောဆိုလိုသော၊ ပြသလိုသော အသိပေးသတင်းတို (message) ၏ အကြောင်းအရာကို ထိန်းချုပ်ခြင်းမှ ၊ အထူးသဖြင့်အစိုးရကိုဝေဘန်ခြင်းနှင့်သက်ဆိုင်သော အကြောင်းအရာမျိုးကို ထိန်းချုပ်ခြင်းမှ တားမြစ်ထားသည်။[၁၁]

ပုဒ်မ ၄ (ဃ)-(စ) တို့တွင်ပြဆိုထားသော စုဝေးပွဲကိုဆောင်ရွက်ရန်ဆုံးဖြတ်သောအဖွဲ့အစည်း၏ ဆုံးဖြတ် ချက်မှတ်တမ်းကို တင်ပြရန်လိုအပ်သည် ဟူသောအချက်နှင့် ဦးစီးဦးဆောင်ပြုသူတို့ကတရားဥပဒေစည်း မျဉ်းများကိုလိုက်နာနေထိုင်ရန်သဘောတူညီချက်များလိုအပ်သည်ဟူသောအချက်များသည် ဝန်ထုပ်ဝန်ပိုး အဖြစ်ခက်ခဲသောအလုပ်ဖြစ်ပြီး မလိုအပ်ပါ။ [၁၂]

အကြံပြု ထောက်ခံချက်များ

- ဥပဒေမူကြမ်း၏ပုဒ်မ ၄ ကိုပြင်ဆင်သင့်သည်။ ပြင်ဆင်ရာတွင် - လူအများပါဝင်သည့်စုဝေးပွဲကြီးများ သာသက်ဆိုင်ရာအာဏာပိုင်များကလိုအပ်သောသင့်လျော်သည့်အကူအညီအထောက်အပံ့များပြင် ဆင် ရန် အတွက် ကြိုတင်အသိပေးစာပေးပို့ရန်လိုအပ်သည် ဟူ၍ပြင်ဆင်သင့်သည်။
- ယင်းအပြင်ဥပဒေမူကြမ်းသည် စုဝေးပွဲများကိုဦးစီးဦးဆောင်လုပ်သူနှင့် ပါဝင်ဆန္ဒဖေါ်ထုတ်သူများ အား အာဏာပိုင် များအနေဖြင့်စုဝေးပွဲကိုစီမံဆောင်ရွက်ရန်အကူအညီဖြစ်စေမည့် အခြေခံသတင်း အချက် အလက် များကို သာ ပေးရန်အတွက်မေတ္တာရပ်ခံမှုမျိုးသာဖြစ်စေရန်သေချာစေသင့်သည်။ ယင်းသည် စုဝေးပွဲ၏ ရက်စွဲ၊ အချိန်၊နေရာနှင့် လမ်းကြောင်း၊မျှော်မှန်းထားသောပါဝင်သူအရေအတွက် နှင့် ဦးစီးသူ တစ်ဦးသို့မဟုတ်တစ်ဦးထက်ပိုသောသူတို့၏ဆက်သွယ်နိုင်သည့်အချက်အလက်များအတွက်သာ သတ်မှတ်ထားသင့်သည်။[၁၃] စုဝေးပွဲ၏တိကျသောခေါင်းစီး၊တောင်းဆိုချက်များ၊ သို့မဟုတ် အစီအစဉ်၊ ထုတ်ဖေါ်ပြသခြင်း၏ အကြောင်းအရာ၊ဟောပြောမည့်သူ၏ အကြောင်းအရာအချက်အလက် များသည် လိုအပ်သောအချက်များမဖြစ်သင့်ပါ။

**အသိပေးအကြောင်းကြားခြင်း ပုံစံ**

ပုဒ်မ (၄) တစ်မြို့ထက်ပိုသော မြို့များတွင်ဆက်ခါပြုလုပ်သော စုဝေးပွဲများအတွက် အသိပေးအကြောင်း ကြားစာများ ထပ်ခါ ထပ်ခါ ပေးရမည်ဆိုသောလိုအပ်ချက်သည် မလိုအပ်သောဗျူရိုကရက်လုပ်နည်းတစ်ခု ဖြစ်သည်။ သို့တည်းမဟုတ် ၊ မည်သို့အသိပေး ချက်ကိုပေးပို့ရမည်မှာ မသေချာသည့်အတွက် မည်သည့် ပုံမှန်အကြောင်းကြားချက်မျှပေးပို့ရန်မလိုအပ်သင့်တော့ပေ။

နိုင်ငံတကာ စံနှုန်းများမှာမူရှင်းပါသည်၊ အသိပေးအကြောင်းကြားစာ၏လမ်းကြောင်းသည် အသုံးပြုရန်အတွက်လွယ်ကူလျှင်မြန်သောနည်းကိုသုံးရန်ဒီဇိုင်းပြုလုပ်ထားသည်။ [၁၄] စုဝေးမှုတစ်ခုသည် အကြောင်းကြားစာတစ်ခုသာလိုအပ်သင့်ပေသည်။ ထိုအကြောင်းကြားစာကိုရရှိသည့်၊ထိုစာကိုလက်ခံရယူသူအာဏာပိုင်က အခြားသောသက်ဆိုင်သည့်အာဏာပိုင်များထံဆက်သွယ်ဆောင်ရွက်သင့်သည်။

အကြံပြု ထောက်ခံချက်များ

- ဥပဒေမူကြမ်း၏ပုဒ်မ ၄ ကို စုဝေးခြင်းများအတွက် အကြောင်းကြားစာပေးပို့ခြင်းလုပ်ငန်းစဉ်နှင့်ပုံစံကို အလွယ်ကူဆုံးနှင့်အမြန်ဆုံးဖြစ်စေရန် အတွက်သေချာအောင်ပြင်ဆင်သင့်သည်။ယင်းသည် မြို့များ သို့ စီတန်းလှည့်လည်ခြင်းအပါအဝင်စုဝေးမှုတစ်ခုအတွက် အသိပေးအကြောင်းကားစာ တစ်စောင် သာပေးပို့ရန်လိုအပ်ချက်ဖြစ်သင့်သည်။
- ဥပဒေမူကြမ်းသည် အသိပေးအကြောင်းကြားစာပေးပို့ရမည့် "သက်ဆိုင်ရာ" မြို့နယ်ရဲတပ်ဖွဲ့အကြီးအကဲဆိုသည်ကိုရှင်းလင်းစွာဖေါ်ပြထားသင့်သည်။( ဆိုလိုသည်မှာ စုဝေးပွဲပြုလုပ်သည့်မြို့နယ်၊သို့မဟုတ် စီတန်းလှည့်လည်ပွဲစတင်ရာမြို့နယ်ရဲတပ်ဖွဲ့ ကိုဆိုလိုသည်၊)
- ဥပဒေမူကြမ်းသည် ကြိုတင်အသိပေးအကြောင်းကြားစာလက်ခံမည့်ပုံစံကိုကျယ်ပြန့်စွာဖွင့်ဆိုမှုပြု သင့် သည်။ အကြောင်းကြားစာလက်ခံသည့်ပုံစံသည် မျိုးစုံဖြစ်သင့်သည်။ အကျဉ်းထောင်အတွင်းပုံစံ၊လက် ရေးမူ၊ တယ်လီဖုံးဖြင့်ဖြစ်စေ၊ အီလက်ထရောနစ်နည်းပညာသုံး၍ဖြစ်စေ၊ဒေသဆိုင်ဘာသာစကားဖြင့် ဖြစ်စေအမျိုးမျိုးသောပုံစံများအပါအဝင်ဖြစ်သည်။

**အလိုအလျှောက်ပေါ်ပေါက်သောစုဝေခြင်းများ**

အလိုအလျှောက် ကောက်ကာင်ကာပေါ်ပေါက်ဖြစ်ပေါ်လာသောစုဝေးခြင်းများအတွက် ဥပဒေတွင် ပြဌာန်းချက်များမရှိပါ။ ယင်းသည်ကြိုတင်အသိပေးရမည့်စည်းကမ်းသတ်မှတ်ချက်မှခြွင်းချက်ပြုသင့်သည်။[၁၅] ဖြစ် ရပ်ပေါ်တွင် အရေးတကြီးတုံ့ပြန်ရန်လူပုဂ္ဂိုလ်များလိုအပ်မှုနှင့် ဖြစ်ရပ်ကို အလိုအလျှောက် ပေါ်ပေါက် စေသော အကြောင်းရင်းခံ၏ ဒီဂရီအနည်းအများကို မည်သည့်ဒီမိုကရေစီလူ့ဘောင်တွင်မဆို လက်ခံနိုင် ဘွယ် ဖြစ်ရမည်။[၁၆] အထူးသဖြင့်ကုလသမဂ္ဂအထူးကိုယ်စားလှယ်က ၂၀၁၃ခုနှစ် အောက်တိုဘာလ ကုလသမဂ္ဂအထွေထွေညီလာခံတွင် ရွေးကောက်ပွဲများနှင့်ပတ်သက်သည့် နေရာများတွင် ပေါ်ပေါက် သောအလိုအလျောက်စုဝေးခြင်းများတွင် ခြွင်းချက်ထားရခြင်းသည်အထူးအရေး ပါကြောင်းအလေး အနက်ထားပြောကြားခဲ့သည်။[၁၇]

အကြံပြု ထောက်ခံချက်များ

- ဥပဒေမူကြမ်း၏ ပုဒ်မ ၄ ကို စုဝေးပွဲများတွင် ကွဲကွဲပြားပြားသတ်မှတ်ခြင်းမပြုနိုင်သည့် ဦးစီးဦးဆောင်မ ရှိသော အခြေအနေ၊ ကြိုတင်အကြောင်းကြားခြင်းပြုလုပ်ရန်လက်တွေ့မကျသောအခြေအနေ နှင့် ကြို တင်အကြောင်းကြားခြင်းလိုအပ်ချက်ကိုဆောင်ရွက်ရန်မဖြစ်နိုင်သောအခြေအနေများတွင် ကြိုတင် အကြောင်းကြားခြင်းကိုခြွင်းချက်ပေးနိုင်အောင်ပြင်ဆင်သင့်သည်။

## စုဝေးခြင်းများနှင့်ပတ်သက်သောကြိုတင် ကြိုတင်သတ်မှတ်ချက်များ နှင့် ၎င်းကြိုတင်သတ်မှတ်ချက်များအား အလွဲသုံးခြင်းကိုကာကွယ်ခြင်းကို ကာကွယ်ခြင်း

စုဝေးပွဲများ၏ဦးဆောင်စည်းရုံးသူများနှင့် အာဏာပိုင်များတွေ့ဆုံပြီး စုဝေးပွဲ၏အချိန်၊နေရာနှင့်ပြုလုပ်မည့် ပုံသဏ္ဍာန်တို့နှင့်ဆိုင်ရာအခြေအနေများနှင့်ပတ်သက်ပြီးဆွေးမည့်ရှင်းလင်းပြတ်သားသည့်လုပ်ငန်းစဉ်မရှိပေ။လိုအပ်ပြီး အချိုးအစားကျသော မည်သည့်အခြေအနေများအတွက်မဆို လုံခြုံစိတ်ချရစေမည့်အကာအကွယ် များမရှိ၊ထို့ပြင် အတင်းအကြပ်စွဲချက်များအတွက် ခြေပအယူခံရန်လမ်းကြောင်းလည်းပေးမထားပေ။

နိုင်ငံတကာစံနှုန်းများမှာမူရှင်းလင်းပါသည်၊ စုဝေးခြင်းတစ်ခုမတိုင်မီ  ရှေ့ကာလတွင်ပေါ်ပေါက်သော မည်သည့်အခြေအနေမဆို တရားဥပဒေ၏လိုအပ်ချက် ၊တရားဝင်ရည်မှန်းချက်၊ လိုအပ်ချက်နှင့် အချိုးအစား ညီညွတ်မျှတခြင်းတို့နှင့်ကိုက်ညီရမည်။[၁၈] စုဝေးပွဲတစုကိုချောမောစွာထောက် အပံ့ပေးနိုင် စေရေး အတွက် စုဝေးပွဲ၏ ဦးဆောင်စည်းရုံးသူများ၊ပါဝင်သူများ၊နှင့်သက်ဆိုင်ရာ အာဏာပိုင်များအကြား ပွင့်လင်း သော ဆွေးနွေးပွဲကို မပိတ်ပင်သင့်ပေ။ ကုလသမဂ္ဂအထူးကိုယ်စားလှယ်များကမူထိုအချက်ကိုရှင်း လင်းမှုရှိသည်။ မည်သည့်ကြိုတင်ကန့်သတ်မှုမဆိုအကြောင်းအကျိုးဆီလျော်သောဆက်သွယ်အသိပေး ခြင်းရှိရမည်၊ ဥပဒေတွင်ချမှတ်ထားသော အချိန်သတ်မှတ်ချက်အတိုင်းခြေပအယူခံခြင်းကိုခွင့်ပြုပေးရမည်၊ ထို့အပြင် အရေးပေါ်ကြားဖြတ် အထောက်အကူပြုဖြေလျော့မှုများကိုလည်းခွင့်ပြုရမည်။[၁၉]

အလားတူပင် စုဝေးပွဲဦးဆောင် စည်းရုံး သူများ အနေဖြင့်ကြိုတင် အကြောင်းကြားစာပေးပို့ပြီးမပြီးဆို သည်ကို သက်သေအထောက်အထားတစ်စုံ တစ်ရာ ရှိမရှိ သို့မဟုတ်အခြေအနေများကို ရှင်းလင်း ခွဲခြား ပြသထားခြင်းရှိမရှိ ဆိုသည်တို့နှင့်ပတ်သက်ပြီး ကြိုတင်အကြောင်းကြားစာပေးခြင်းနှင့် ပတ်သက်၍ အာမခံ  ခြင်းမရှိပေ။ စုဝေးပွဲဦးဆောင်စည်းရုံးသူများအနေဖြင့် ၎င်းတို့ သည် ဥပဒေနှင့်အညီဆောင်ရွက်ခြင်း ကိုအာမခံသည့်အနေဖြင့်သော်လည်းကောင်းထို့ပြင် အများပြည်သူသိရှိနိုင်သော စုဝေးပွဲ၏ကြိုတင် အကြောင်းကြားစာနှင့်စုဝေးပွဲမတိုင်မှအခြေအနေတစ်စုံတစ်ရာ ကိုထိန်းသိမ်းထားရှိရန် အတွက် သော် လည်းကောင်း ကြိုတင်အကြောင်းကြားစာလက်ခံသော အာဏာပိုင်တစ်ဦးသည် လက်ခံရရှိကြောင်း အထောက်အထားစာကိုချက်ခြင်းထုတ်ပေးသင့်သည်။ ကြိုတင်အကြောင်းချက်ရရှိသောအာဏာပိုင်တစ်ဦး အနေဖြင့်လက်ခံရရှိကြောင်းဝန်မခံခြင်းသည် ငြိမ်းချမ်းစွာစုဝေးခွင့်ကိုငြင်းပယ်သည့် အခြေခံအကြောင်း တစ်ရပ် မဖြစ်သင့်ပေ။ [၂၀]

အကြံပြု ထောက်ခံချက်များ

- ဥပဒေမူကြမ်း၏ပုဒ်မ ၄ နှင့် ၆ ကို စုဝေးပွဲအချိန်၊နေရာနှင့်ကျင်းပပုံအပေါ်ကြိုတင်သတ်မှတ်ချက်များ ကို ပွင့်လင်းမြင်သာသောဖြစ်စဉ် ဖြစ်စေရန်နှင့် အာဏာပိုင်အပေါ်တွင် ထိုဆုံးဖြတ်ချက်များကို မှန်ကန် သော အထောက်အထားများနှင့်တကွအလျှင်အမြန်ဆက်သွယ်အသိပေးရန်တာဝန်တစ်ရပ်ပေး ရန်၊ ထို့ပြင် ပြန်လည်သုံးသပ်ချက်နှင့် အယူခံဖြေရှင်းနိုင်ချေများရှိရန် ပြင်ဆင်သင့်သည်။
- အာဏာပိုင်များသည် စုဝေးပွဲဦးဆောင်စည်းရုံးသူများကို ထိုပွဲ၏အကြောင်းအရာ၊ အချိန်၊နေရာနှင့် ကျင်းပပြုလုပ်မည့်ပုံစံများကိုပြောင်းလဲရန်ဖိအားပေးခြင်းမပြုရန် တားမြစ်သင့်သည်။
- ဥပဒေမူကြမ်းသည် ကြိုတင်အကြောင်းကြားခြင်းဆိုင်ရာလိုအပ်ချက်သည် အကြောင်းကြားပါကလိုအပ် ချက်ပြည့်စုံသည်ဆိုသည့်အချက်ကိုရှင်းလင်းစေသင့်သည်။လက်ခံရရှိသူအာဏာပိုင်၏အသိအမှတ်ပြု ခြင်းအပေါ်တွင်မူမတည်စေသင့်။ စိတ်ချရသောအကာအကွယ်အနေဖြင့်  ကြိုတင်အကြောင်းကြားစာ လက်ခံသောတာဝန်ရှိသူအာဏာပိုင်သည် ယင်းအကြောင်းကြားစာလက်ခံရရှိသောသက်သေခံစာကို

ချက်ခြင်းထုတ်ပေးရန်တာဝန်တစ်ရပ်ကိုဖန်တီးချမှတ်ပေးသင့်သည်။တစ်ဖန် စုဝေးပွဲအတွက် သတ်မှတ် ချက်များ အပါအဝင် အများပြည်သူသိမြင်နိုင် သော မှတ်တမ်းတွင်ထည့်သွင်း ပါဝင်စေသင့်သည်။

**စုဝေးပွဲများ၏အကြောင်းအရာနှင့်ကျင်းပပုံကျင်းပနည်းအပေါ်ကန့်သတ်ချက်များ**

ARTICLE 19 သည် ဥပဒေမူကြမ်း ပုဒ်မ ၉ တွင်အဆိုပြုပါရှိသည့်စုဝေးပွဲများ၏အကြောင်းအရာနှင့် ကျင်းပ ပြုလုပ်ပုံပြုလုပ်နည်းအပေါ် ကန့်သတ်သည့်ကန့်သတ်ချက်များ၏သဘောသဘာဝနှင့်အတိုင်း အတာ အပေါ်တွင်အထူးလေးနက်စွာစိုးရိမ်ပူပန်မှုဖြစ်ပါသည်။ ဆက်လက်ပါရှိလာသော ပြဌာန်းချက်များ သည် လူစုခွဲခြင်း၊ စုဝေးခြင်းကိုတားဆီးခြင်း၊ ရာဇဝတ်ဆိုင်ရာပြစ်ဒဏ်ချခြင်းတို့ကိုအခြေခံသော ဆောင်ရွက် စီမံခြင်းတို့ပါဝင်လာသည်။ ယင်းသည် ဥပဒေမူကြမ်းတွင်ပါဝင်သောကြိုတင်အသိပေးခြင်းစနစ်၏တိုးတက် လာမှုကိုအဓိပ္ပာယ်မဲ့စေပါသည်။ အကြောင်းမှာ အာဏာပိုင်များသည် ၄င်းတို့သဘောမတူသော သို့တည်းမဟုတ် အာဏာပိုင်များအားစိတ်အနှောင့်အယှက်ဖြစ်နိုင်သော စုဝေးခြင်း များကိုတားဆီးခြင်း၊ ပိတ်ပင်ခြင်းပြုလုပ်နိုင်သည့်ဩဇာအာဏာပိုင်နေဆဲဖြစ်ပါသည်။

ကြိုတင်အကြောင်းမကြားဘဲ ဆန္ဒထုတ်ဖော်ခြင်း (သို့မဟုတ်) ကြိုတင်အကြောင်းကြားသည့် ဆန္ဒထုတ်ဖော်ခြင်း နှင့် ကွဲပြားသော ဆန္ဒထုတ်ဖော်ခြင်း စသည်တို့နှင့် သက်ဆိုင်သည့် အကြောင်းအရာအခြေခံ ကန့်သတ်ချက်များ နှစ်မျိုးပါရှိပြီး ယင်းတို့တွင်ပါဝင်သော  တားဆီးမှုများမှာ -

- ကြိုတင်အကြောင်းကြားစာတွင်မပါသော အလံများ၊ ပိုစတာများ၊ နှင့်သင်္ကေတများ ကိုသယ်ဆောင် ထုတ်ဖော်ပြသခြင်း၊ (ပုဒ်မ ၉- (ဆ) )
- ကြိုတင်အကြောင်းကြားစာတွင် ဖော်ပြထားသော ကြွေးကြော်သံ သာမက အခြားကြွေး ကြော်သံများကို ရွက်ဆိုအော်ဟစ်ခြင်း၊ (ပုဒ်မ ၉- (ဇ) )

အထက်တွင်ထုတ်နှုတ်ပြသသည့်အတိုင်း ဒီမိုကရေစီလူ့ဘောင်၌ စုဝေးပွဲများတွင် ဦးဆောင်စည်းရုံးသူ များနှင့်ပါဝင်သူများအနေဖြင့် ကြိုတင်အကြောင်းကြားကြားခြင်းတွင် ကြွေးကြော်သံ၊ ဆောင်ပုဒ်၊ အလံ၊ပိုစ တာနှင့်သင်္ကေတ ၊ ဆိုင်းဘုတ်များ  စသည့်အကြောင်းအရာများကိုထည့်သွင်းဖော်ပြပေးရန်မလိုအပ်ပါ။ နိုင်ငံ တော်လုံခြုံရေး သို့မဟုတ်အများပြည်သူတည်ငြိမ်အေးချမ်းရေး ကဲ့သို့သော တရားဥပဒေရေးရာဆိုင်ရာ စွန့် စားမှုတစ်ခုမျှမရှိသော ထုတ်ဖော်ခြင်းမျိုး အတွက်ကြိုတင်အကြောင်းကြားစာတင်ရန်မလိုချေ။ ထို့ကြောင့် အပိုဒ်ခွဲ (ဆ)နှင် (ဇ) သည် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေ နှင့် မကိုက်ညီခြင်းမရှိပါ။ ယင်း တို့သည်တရားဥပဒေကြောင်းနှင့်ကိုက်ညီအောင်ကြိုးပမ်းမှုမပြု၊ လိုအပ်ခြင်းလည်းမရှိပါ။

ဆန္ဒထုတ်ဖော်မှုတားဆီးခြင်း၏ အကြောင်းအရာနှင့်ထုတ်ဖော်ပုံ အပေါ်ကန့်သတ်သောနောက်ဆက်တွဲ ကန့်သတ်ချက်များ

- အွန္တရာယ်၊ စိတ်အနှောင့်အယှက်၊ တားဆီးပိတ်ပင်မှု၊အနှောင့်အယှက် စသည်တို့တခုခုဖြစ်ပေါ်စေမည့် သို့မဟုတ် ၄င်းတို့ဖြစ်မည်ဟုစိုးရိမ်ပူပန်ဘွယ် အပြုအမူနှင့်အပြောအဆိုများ၊ (ပုဒ်မ ၉-က)
- အစိုးရပိုင်၊အများပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင် ပစ္စည်းများအားပျက်စီးစေမည့် သို့မဟုတ် ပတ်ဝန်းကျင်ကိုညစ်ညမ်းမှုဖြစ်စေမည့် ပြုမူခြင်းများ (ပုဒ်မ ၉-ခ)
- အများပြည်သူများ၊ လမ်းသွားလမ်းလာများ၊ ယဥ်ရထားများကို နှောင့်ယှက်ခြင်း၊တားဆီးပိတ်ပင်ခြင်း များ မဖြစ်စေရ (ပုဒ်မ ၉-ဂ)
- ကိုယ်ကျင့်တရား၊ လူ့ဂုဏ်သိက္ခာ၊ဘာသာရေး၊လူမျိုး နှင့်တိုင်းပြည် တို့ကိုထိခိုက်စေမည့် အပြုအမူ အပြောအဆိုများ ၊(ပုဒ်မ ၉-င)
- ကောလဟာလဖြန့်ချိခြင်း သို့မဟုတ်သတင်းမှားဖြန့်ဝေခြင်း (ပုဒ်မ ၉-စ )

ARTICLE 19 ၏တွေ့ရှိချက်မှာ ပုဒ်မ ၉ - င တွင်ပါဝင်သည့် "ထိခိုက်စေခြင်း " ဟူသောဝေါဟာရသည် အလွန်မတိကျသော အဓိပ္ပယ်အမျိုးအမျိုးထွက်သည့် ဝေါဟာရဖြစ်သည်။ ဖြစ်နိုင်ချေနည်းပါးသော "ထိခိုက်စေခြင်း" မဖြစ်စေရန် ကြိုတင်တားဆီးပိတ်ပင် ဖြစ်သည်။ ပုဒ်မ ၉ ( က)သည်လည်းအလားတူ ပင် တွေးဆ ထားသည့်စိတ်အနှောက်အယှက်သို့မဟုတ်အန္တရာယ်ကို မျှော်မှန်းကန့်သတ် ထားခြင်းဖြစ်သည်။ နိုင်ငံတော်၏ဝတ္တရား ဖြစ်သည့် စုဝေးပွဲများကိုကူညီထောက်ပံ့ပေးရန်ဆိုသည်မှာ ထိခိုက်စေခြင်းများကို မှန်းဆပြီးယင်းတို့လျော့နည်းပပျောက်စေရန်ဖြစ်သည်။ "အန္တရာယ်ရှိသောစွန့်စားရခြင်း" ဆိုသည်မှုဖြင့် စုဝေးပွဲများကို ပြစ်ဒဏ်ပေးခြင်း ၊တားဆီးခြင်း၊လူစုခွဲခြင်းတို့ပြုလုပ်ရန်လုံလောက်သော အကြောင်း မဟုတ်ချေ။ [၂၁]

"ထိခိုက်စေခြင်း"ကိုကာကွယ်ရန်အလို့ငှာ ပြဆိုထားသော ပုဒ်မခွဲ (က)(ခ)(ဂ)(င) နှင့် (စ) တို့သည် လည်း အလွန်အမင်းအဓိပ္ပာယ်အမျိုးမျိုးထွက်စေပြီး ပုဂ္ဂလဓိဌာန်ဆောင်သည်။ထို့ပြင် လွတ်လပ်စွာထုတ်ဖော်ပြော ဆိုခွင့်နှင့်ငြိမ်းချမ်းစွာစုဝေးခွင့်ကိုတားဆီးပိတ်ပင်သောကြောင့် တရားဥပဒေရေးရာရည်ရွယ်ချက်နှင့် မဆီ လျော်ပါ။ စုဝေးခြင်းများစိတ်အနှောင့်အယှက်ဖြစ်သူအချို့ ရှိကောင်းရှိမည်မှာ မလွဲမသွေပင်ဖြစ်သည်။ ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ဖေါ်ပြချက်မှာ စုဝေးပွဲများကြောင့်သာမန်နေ့စဉ်ဘဝကိုတစ်စုံတစ်ရာ သော (တိကျသော) အတိုင်းအတာအထိ အဆင်မပြေဖြစ်မှုများဖြစ်စေနိုင်သည်။ ယင်းတွင် ယဉ်အသွားအလာ ပိတ်ဆို့ခြင်း ၊ စိတ်အနှောင့်အယှက်ဖြစ်ခြင်း၊ ရောင်းရေးဝယ်တာများပင်လျှင်ထိခိုက်စေနိုင်သည်။ သို့သော်လည်း အကယ်၍ စုဝေးခွင့်သည် ယင်းအဆင်မပြေမှုများအပြင် လုံးဝပျက်စီးခြင်းမဖြစ်လျှင် အောင့်အည်း သီးခံရပေမည်။[၂၂] သတင်းမှားသို့မဟုတ် ကောလဟာလပြန့်နှံ့ခြင်းကို ကာကွယ်တားဆီးရန်မှာလည်း နိုင်ငံတကာလူ့အခွင့်အရေးအရ တရားဥပဒေရေးရာရည်မှန်းချက်နှင့်မကိုက်ညီပေ။ ယင်းအချက် ကို ၎င်း ကပင်ပုဂ္ဂလဓိဌာန်သဘောပါရှိနေပြီး တရားဥပဒေရေးရာသဘော၏လိုအပ်ချက်နှင့်မကိုက်ညီပေ။

စုဝေးပွဲတစ်ခုတွင် နောက်ဆက်တွဲကန့်သတ်ချက်များဖြစ်သည့် အကြောင်းအရာအခြေပြုကန့်သတ်ချက် များကိုမဖြစ်မနေရှင်းလင်းဖေါ်ပြရန်လိုအပ်ချက်မရှိပါ။ ယင်းတို့အပြင် ကျန်ရှိသောလူပုဂ္ဂိုလ်များပါအပါအဝင် အချိန်တိုင်း(စုဝေးပွဲကာလအပါအဝင် ) အကျုံးဝင်သည်။ စုဝေးပွဲအကြောင်းအရာတွင် လည်းယင်းတို့သည် အပိုဒ်ခွဲ (ခ) တွင်ပါဝင်သော ဖြစ်အံ့ဆဲဆဲ သောအကြမ်းဖက်မှုကိုလှုံ့ဆော်ခြင်း၊ အမျိုးသားလုံခြုံရေး သို့မဟုတ် အများပိုင်သို့မဟုတ်ပုဂ္ဂလိကပိုင်ပစ္စည်းများကိုဖျက်ဆီးခြင်းအပါအဝင် အများပြည်သူ တည်ငြိမ် အေးချမ်းမှုကို ခြိမ်းခြောက်ခြင်း ပါရှိသော စုဝေးခြင်းတို့ကိုတားဆီးမှုတွင်အသုံးပြုသင့်သည်။ နိုင်ငံတကာစံ နှုန်းများမှာမူရှင်းလင်မှုရှိသည်။ ငြိမ်းချမ်းစွာဝေးခွင့်သည် စိတ်ကူးအကြံအယူအဆများဖေါ်ထုတ်ခြင်းသို့ ဖြန့် ကျက်ဆန့်ထွက်သွားပြီး အငြင်းပွားဖွယ်ကိစ္စအဖြစ်လည်းသတ်မှတ်နားလည်သွားနိုင်သလို အများစုကသော် လည်းကောင်းအစိုးရကသော်လည်းကောင်းလိုလိုလားလားလက်ခံမည့်အရာ မဖြစ်မနေဖြစ်သွားမည်မဟုတ် သလို[၂၃] " စိတ်အနှောင့်အယှက်ဖြစ်ဖွယ် လည်း ဖြစ်သွားနိုင်သလို တိုးမြှင့်ဖေါ်ဆောင်လိုသော အယူအဆ သို့မဟုတ် တောင်းဆိုမှု ကို မလိုလားသောသူများအတွက်ထိုးနှက်ချက်လည်းဖြစ်သွားစေနိုင်သည်။"[၂၄]

အကြံပြု ထောက်ခံချက်များ

- ဥပဒေမူကြမ်း ပုဒ်မ ၉ (က) (ခ) (ဂ) (င) (စ)(ဆ)နှင့် (ဇ) တို့အားလုံးကိုပယ်ဖျက်သင့်သည်။၎င်းတို့ ကို ICCPR သဘောတူညီချက် အပိုဒ် ၂၀(၂) ပါ ဖြစ်အံ့ဆဲဆဲအကြမ်းဖက်ကိုလှုံ့ဆော်သောထုတ် ဖေါ်ခြင်းကိုတားမြစ်ခြင်းများနှင့်အစားထိုးသင့်သည်။

**စုဝေးပွဲများနှင့်တုံ့ပြန်သောစုဝေးပွဲများကိုလွယ်ကူချောမောအောင်ဆောင်ရွက်ပေးခြင်း**

ဥပဒေမူကြမ်း ပုဒ်မ ၁၁ လိုအပ်ချက်မှာ ရဲတပ်ဖွဲ့သည် စုဝေးပွဲတွင်ပါဝင်သူများကို " လိုအပ်သော ကာကွယ်မှုကိုပေးရမည်" သို့သော်ထိုတာဝန်သည် ဥပဒေနှင့်အညီပြုလုပ်သောစုဝေးပွဲများအတွက်သာ ဟုကန့်သတ်ထားသည်။ ရည်ရွယ်ချက်မှာ နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်းနှင့် ပိတ်ပင်တားဆီးခြင်းများကို ကာကွယ်ရန်အတွက်ဖြစ်သည်။

ပုဒ်မ ၁၁ က အကျုံးဝင်သောအချက်များမှာ အာဏာပိုင်များ၏တာဝန်ဝတ္တရားမှာ စုဝေးပွဲများ ကို ချောမွေ့အောင်ဆောင်ရွက်ပေးရခြင်းထက်ထိန်းချုပ်ရန်ဖြစ်နေပေသည်။ပါဝင်သူများကို "ကာကွယ်ပေးခြင်း" ဟူသည်မှာ မည်သည့်ဆိုလိုရင်းဖြစ်သည်ကိုမှရှင်းလင်းသလို နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်းနှင့် ပိတ်ပင်တားဆီးခြင်းများကို ကာကွယ်ရန်အတွက်မည်သည့်စီမံဆောင်ရွက်ချက်များအသုံးပြုမည် ဆိုသည်မှာလည်း ပြတ်သားခြင်းမရှိပါ။ တုံ့ပြန်စုဝေးပွဲများအပါအဝင် တစ်ပြိုင်နက်ပြုလုပ်သောစုဝေးပွဲများကိုအာဏာပိုင်များ အနေဖြင့်မည်သို့အဆင်ပြေ ချောမွေ့အောင်ဆောင်ရွက်ပေးမည့်အသေးစိတ်ပြဌာန်းချက်များလည်းမရှိပါ။

အကြံပြု ထောက်ခံချက်များ

- ဥပဒေမူကြမ်းသည် တရားဥပဒေထိန်းသိမ်းစောင့်ရှောက်ရသောအာဏာပိုင်အဖွဲ့များသည်နိုင်ငံစံနှုန်း များနှင့်အညီ စုဝေးပွဲများအဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ရမည့်အသေးစိတ်တာဝန်များ ကို အသေးစိတ်ပြဆိုသင့်သည်။
- ဥပဒေမူကြမ်းသည် တရားဥပဒေထိန်းသိမ်းစောက်ရှောက်ရေးအာဏာပိုင်များ၏တာဝန်များကို တုံ့ပြန်စု ဝေးသောစုဝေးမှုများအပါအဝင်တစ်ဦးနှင့်တစ်ဦး မြင်နိုင်ကြားနိုင်သောတစ်ပြိုင် နက်ပြုလုပ်သော စုဝေးပွဲများကိုအဆင်ပြေချောမွေ့စေရန်ဆောင်ရွက်ပေးနိုင်လောက်သည်အထိ တိုးချဲ့ ပေးသင့်သည်။

**စုဝေးပွဲများကို တားဆီးပိတ်ပင်၊ ရပ်တုံ့ လူစုခွဲနိုင်သည့်အာဏာ**

ဥပဒေမူကြမ်း၏ပုဒ်မ ၁၀ သည် ဥပဒေပါစည်းမျဉ်းတစ်စုံတစ်ရာကိုမလိုက်နာပါက စုဝေးပွဲကို ရပ်တုံ့ခြင်း၊ ပယ်ဖျက်ခြင်း ပြုရန်ခွင့်ပြုထားသည်။ ပုဒ်မ ၁၂-၁၃ တို့က ပြဌာန်းထားသည်မှာ စုဝေးပွဲတွင်ပါဝင်မည့်သူ များ ကို ဥပဒေပါ စည်းမျဉ်းများကိုလိုက်နာရန်သတိပေးချက်ထုတ်ပြန်ထားရမည်။ ပုဒ်မ-၁၄ ကလည်း အတိ အ ကျပြဆိုထားသည်မှာ "အကယ်၍သတိပေးချက်များကို လိုက်နာခြင်း မရှိပါကလူစုပြီကွဲသွားသည့် တိုင်အောင် တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်" ဟူ၍ဖြစ်သည်။ မရှင်းလင်းသော အချက်မှာ ထိုပုဒ်မ ၏ဆိုလိုရင်းသည်အင်အားသုံးမသုံးဆိုသောအချက်ပင်ဖြစ်သည်။ ပုဒ်မ ၁၅ ကဖော်ပြထား သည်မှာ ဥပဒေမူ ကြမ်းတွင်ဖော်ပြထားသောစည်းမျဉ်းများနှင့်အညီ ကြိုတင်အသိပေးရန်ပျက်ကွက်ခဲ့ပါက ပုဒ်မ ၁၂ တွင်ဖော်ပြထားသည့်အတိုင်းအာဏာပိုင်များသတိပေးခြင်း မပြုဘဲ စုဝေးမှုအားလူစုခွဲရန် အခြေခံ အကြောင်း ဖြစ်ပေသည်။

ARTICLE 19 ကတွေ့ရှိသည်မှာ တားဆီးခြင်း၊ပိတ်ပင်ခြင်းနှင့် လူစုခွဲခြင်းတို့နှင့်သက်ဆိုင်သောပြဌာန်း ချက်များသည် အံ့ဘွယ်ကောင်းလောက်အောင် ရှင်းလင်းမှုမရှိ၊ တရားဝင် ရည်မှန်းချက်များနှင့် အံဝင်ဂွင်ကျ မှုမရှိ၊ ထို့ပြင် အင်အားအသုံးပြုဆောင်ရွက်ခြင်းအပါအဝင်၊ တားဆီးခြင်း၊ပိတ်ပင်ခြင်းနှင့်လူစုခွဲခြင်းတို့ကို တရားမျှတရှိသည်ဟုဆိုထားပုံလည်းရလေသည်။ အင်အားသုံးခြင်းသည် ယင်းအခြေအနေတွင် မလိုအပ် သလို အချိုးအစားကျခြင်းလည်းမရှိပါ။

နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာဥပဒေများမှာ ရှင်လင်းပါသည်။စုဝေးပွဲများသည် မဖြစ်မနေရှောင်လွှဲ၍မ ရသောအခြေအနေမျိုးတွင် နောက်ဆုံးအနေဖြင့်သာလူစုခွဲသင့်သည်။ ကုလသမဂ္ဂ ၏အထူးကိုယ်စားလှယ် က

တရားမျှတသောလူစုခွဲခြင်းနမူနာပုံစံကိုပြသခဲ့သည်မှာ " အကြမ်းဖက်မှုသည် ဆိုးဆိုးဝါးဝါးဖြစ်နေပြီး ပျံ့နှံ့လာနေခြင်း၊ရုပ်ပိုင်းဆိုင်ရာလုံခြုံစိတ်ချရမှုနှင့်ဥစ္စာပစ္စည်းများကိုခြိမ်းခြောက်လာနေခြင်း၊စုဝေးပွဲတွင်ပါဝင်သူများများအားထိခိုက်ခြင်းမှကာကွယ်ခြင်းနှင့် စုဝေးပွဲချောမွေ့စေရေအတွက် ဥပဒေထိန်းသိမ်းရေးအဖွဲ့ များမှ စီမံဆောင်ရွက်ဖွယ်အားလုံးကိုဆောင်ရွက်နေရသောအချိန်မျိုး" ပင်ဖြစ်သည်။နောက်ထပ်ရှင်းလင်းပြတ်သားသောအချက်တစ်ခုမှာ ငြိမ်းချမ်းစွာစုဝေးခြင်းတစ်ခုကိုမည်သည့်အခါမျှအင်အားမသုံးရခြင်းဖြစ်သည်။တရားမဝင်ဖြစ်ခဲ့လျှင်[၂၈] ၊ကြိုတင်အသိပေးအကြောင်းကြားခြင်ပျက်ကွက်ခဲ့လျှင်ပင် ယင်းသည် လူစုခွဲခြင်း၏အခြေခံအကြောင်းတစ်ရပ်မဖြစ်သင့်ပေ။[၂၉] လူစုခွဲခြင်းကို အကြမ်းဖက်မှု ခြိမ်းခြောက် ခြင်းဖြစ်အံ့ဆဲဆဲအခြေအနေမျိုးတွင်သာဆောင်ရွက်သင့်သည်။ ထို့ပြင်ဆွေးနွေးညှိနှိုင်းခြင်း၊ ကြားဝင် ဖြန်ဖြေခြင်းတို့ကိုပြုလုပ်ခြင်းစသည့် အချိုးအစားကျသော စီမံ ဆောင်ရွက်မှုများ ဆောင်ရွက်ပြီး သည့် အခါတွင် မထူးခြားလျှင်လည်းလူစု ခွဲခြင်းကို ဆောင်ရွက်သင့်သည်။[၃၀] အစိုးရသည် တုံ့ပြန်မှုအစီအစဉ်အမျိုးမျိုး ကို ချမှတ်ထားရမည်။ ထိုအစီအစဉ်များသည် စုဝေးခြင်းအားစီမံကွပ်ကဲခြင်းတွင် ပေါ်ပေါက်နေသောပဋိပက္ခ ကိုလျော့ချသည့် နည်းဗျူဟာကိုသာ အလေးအနက်ထားရမည်။ ထို့ပြင် လူစုခွဲခြင်းဖြစ်သည့်အခါတွင်လည်း ကွဲပြားခြားနားသည့် အချိုးအစားကျသည့် အင်အားသုံးခြင်းကို ဆောင်ရွက်စေရမည်။ ဥပမာ ဥပဒေထိန်းသိမ်း စောင့်ရှောက်သူများသည် မိမိကိုယ်မိမိ ကာကွယ်သော ကိရိယာတန်ဆာပလာများသာ တပ်ဆင်ထားသူများ ဖြစ်စေရန်သေချာမှုရှိရမည်။ ထို့ပြင် အသက်အန္တရာယ်နည်းနိုင်သမျှနည်းသော လက်နက်များကိုသာ ကိုင်ဆောင်ရမည်။[၃၁] ယင်းအခြေအနေပေါ်တွင်မူတည်ပြီး အသေးစိတ်တိကျသေချာသော အများပြည်သူနှင့် သက်ဆိုင်သော လုပ်ငန်းဆောင်ရွက်မှုအတွက်လမ်းညွှန်များချမှတ်ဖေါ်ဆောင် ထားပြီးဖြစ်သင့်သည်။[၃၂] ကုလသမဂ္ဂအထူးကိုယ်စားလှယ်က  လူစုခွဲခြင်းကိုဆောင်ရွက်ခြင်းသည် လူ့အခွင့်အရေး ဆိုင်ရာ ကျယ်ပြန့်သောအကြောင်းအချက်အလက်များကိုဖေါက်ဖျက်နိုင်ချေ ရှိကြောင်းလည်း သတိပေးခဲ့သည်။ ရုပ်ပိုင်းဆိုင်ရာထိန်းသိမ်းစောင့်ရှောက်ခွင့် လည်းအပါအဝင်ဖြစ်သည်။ ယင်းသည် တင်းမာမှုကိုမြင့်မားစေပြီး မလွဲမရှောင်သာသော အကြမ်းဖက်မှုများကိုပေါ်ပေါက်စေသ ည်။[၃၃]

အကြံပြု ထောက်ခံချက်များ

- ဥပဒေမူကြမ်းသည် ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏အကြံပြုထောက်ခံချက်များနှင့် လိုက်လျောညီထွေဖြစ်သည့် စုဝေးပွဲများအားအဆင်ပြေချောမွေ့အောင်ဆောင်ရွက်ပေးရန်အတွက် အာဏာပိုင်များ အား တာဝန်ဝတ္တရားများသတ်မှတ်ပြဌာန်ပေးသင့်သည်။
- စုဝေးပွဲ၏ဦးဆောင်သူ များသို့မဟုတ်ပါဝင်သူများသည် ဖြစ်အံ့ဆဲဆဲအကြမ်းဖက်မှုကိုလှုံ့ဆော်ရန် သို့မဟုတ်အသုံးချရန်ဆို သည်ကို သက်သေအထောက်အထားခိုင်လုံသောအခါမှလွဲ၍ စုဝေးခြင်းဖြစ်ပေါ်လာခြင်းမှ အားတားဆီးမည့်အာဏာ ကိုပယ်ဖျက်သင့်သည်။
- ဥပဒေမူကြမ်းသည် အာဏာပိုင်များ၏ စုဝေးပွဲများ၏တင်းမာမှုလျော့ကျစေရန် ဆက်သွယ်ဆောင်ရွက် ခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်းနှင့်စေ့စပ်ခြင်း ဟူသောနည်းဗျူဟာကိုသုံးပြီးဆောင်ရွက်စေရန် တာဝန်ဝတ္တရားကို အလေးထားပြဆိုသင့်သည်။
- ဥပဒေမူကြမ်းသည် လူစုခွဲခြင်းသည် အကြမ်းဖက်ဖြစ်အံ့ဆဲဆဲ အခြေအနေ တစ်ခုဖြစ်နိုင် သည့် ခြိမ်းခြောက်မှုရှိနေသည့်အခြေအနေကိုတုံ့ပြန်ရန်လိုအပ်သည့်အခါ     စုဝေးခြင်းအားလူစုခွဲခြင်း သည် နောက်ဆုံးလုပ်ဆောင်ခြင်းတစ်ခုအနေဖြင့်သာ သတ်မှတ်ထားသင့်ပြီး ခြွင်းချက်ရှိသော စီမံ ဆောင်ရွက်မှုတစ်ခုကဲ့သို့ရာထားရန် သေချာစေသင့် သည်။      လူစုခွဲရန်ဆောင်ရွက်စေရန် အတွက် ဆုံးဖြတ်ချက်ချသည့်လုပ်ငန်းစဉ်တွင်  အသေးစိတ်ပြဌာန်းသတ်မှတ်ချက်များနှင့်အတူ ဆောင်ရွက်စေ သင့်သည်။
- ဥပဒေမူကြမ်းသည် နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေ၏ အရည်အချင်းများဖြစ်သည့် ဥပဒေနှင့်ညီညွတ်ခြင်း ၊ တရားဝင်ရည်မှန်းချက်၊ လိုအပ်ချက် နှင့် အချိုးအစားကျခြင်းတည်းဟူသော အချက်များကိုထင်ဟပ်ပြီး အင်အားသုံးခြင်းအတွက် လမ်းညွှန်ချက်ကိုသေးစိတ်ဖွင့်ဆိုသင့်သည်။

**စုဝေးခြင်းများ အတွက် ရာဇဝတ်မှု ပြစ်ဒဏ်များ**

ARTICLE 19 အနေဖြင့် ဥပဒေမူကြမ်းတွင် ရာဇဝတ်မှုဆိုင်ရာပြစ်မှုဖြစ်မှုဖြစ်နိုင်ချေ ပြဆိုမှုများလျော့ကျသွားခြင်းကိုကြိုဆိုပါ သည်။ အထူးသဖြင့် ပုဒ်မ ၂၁ တွင်ဖေါ်ပြထားသော မြို့များစွာဖြတ်သန်းသွားမည့် တစ်ခုတည်းသောစီတန်းလှည့်လည်ခြင်းအတွက် စိတ်ချရစေရန်အသိပေးစာထပ်မံပေးပို့ရခြင်းမှ ကင်းလွတ်ခြင်းဖြစ်သည်။ သို့သော်လည်း အထူးစိုးရိမ်မှုရှိနေဆဲဖြစ်သည်မှာဥပဒေကြမ်းတွင်ပါဝင်သောပြစ်မှုများသည် နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေပါ လွတ်လပ်စွာဖေါ်ထုတ်ပြောဆိုခွင့် နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့် ကို ချိုးဖါက်ခြင်းပင်ဖြစ်သည်။

- ဥပဒေမူကြမ်း၏ပုဒ်မ ၁၈ က ပြဆိုသည်မှာ ပုဒ်မ ၇-၁၀ ပါမည်သည့်စည်းမျဉ်းကိုမဆို ချိုးဖေါက်ခြင်း သည် ရာဇဝတ်မှုဆိုင်ရာပြစ်မှု ဖြစ်ကြောင်းဆိုထားသည်။ အထက်တွင်ထုတ်နုတ်တင်ပြခဲ့သည့်အတိုင်း ယင်းသတ်မှတ်ပြဌာန်းချက်များတွင် စုဝေးပွဲအတွက် ခွင့်မပြုနိုင်သော အကြောင်းအရာ ဆိုင်ရာ ကန့်သတ်ချက်များပါဝင် နေသည်။ ထို့အတူ စုဝေးပွဲတင်ပါဝင်သောသူများ၏ငြိမ်းချမ်းစွာလှုပ်ရှားမှုကို ကန့်သတ်သည့်အလွန်အကျွံကန့်သတ်ထားမှုများလည်းပါဝင်နေသည်။ ARTICLE 19 အဖွဲ့အနေ ဖြင့် ဆင်ခြင်မိသည်မှာ ရာဇဝတ်မှုဆိုင်ရာဥပဒေများကိုလူပုဂ္ဂိုလ်တစ်ဦး၏ ကိုသော်လည်းကောင်း၊ ပိုင်ဆိုင်မှုများကိုသော်လည်းကောင်း အကြမ်းဖက်မှုတွင်အသုံးပြုခြင်းသည် လုံလောက်သင့်တော်သည်။ သို့သော် ရာဇဝတ်ပြစ်မှုအဖြစ်ပြစ်ဒဏ်ချမှတ်သည့်အခါ အချိုးအစားကျခြင်းဟူသောမူကိုထည့်သွင်းစဉ်းစားရပေမည်။
- ဥပဒေမူကြမ်း၏ ပုဒ်မ ၁၆  သည် ဥပဒေနှင့်အညီပြုလုပ်သော စုဝေးပွဲတစ်ခုကိုတက်ရောက်သောသူတစ်ဦးအားထိခိုက်နစ်နာစေခြင်း၊အနိုင်ကျင့်ခြင်း၊စော်ကားခြင်း၊စိတ်ညှိုညင်အနှောင့်အယှက်ဖြစ်စေခြင်း၊ တားဆီးခြင်း၊ပျက်စီးစေခြင်း၊နှောင့်ယှက်ခြင်း တို့ပြုခြင်းအပေါ်နောက်ဆက်တွဲရာဇဝတ်ပြစ်မှုတစ်ခုအဖြစ်ဖန်တီးဖေါ်ဆောင်ထားသည်။  ယင်းပြစ်မှုများသည် ကျယ်ပြန့်ပြီး ရှင်းလင်းမှုမရှိ၊ ထို့ပြင် တုံ့ပြန်စုဝေးမှုများနှင့် ရင်ဆိုင်တွေ့ဆုံရမည့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏လွတ်လပ်ခွင့်ကိုကန့်သတ်ချုပ်ချယ်ခြင်း ရှိပေလိမ့်မည်။ ARTICLE 19 ကဆင်ခြင်မိသည်မှာ နှောင့်ယှက်၊တားဆီးခြင်းသို့မဟုတ်စိတ်ညှိုညင်အနှောင့်အယှက်ဖြစ်စေခြင်းမျှလောက်ဖြင့် ရာဇဝတ်မှုအဖြစ်စွဲဆို သတ်မှတ်ရန်အခြေခံ သဘောထား သတ်မှတ်ခြင်းမဖြစ်သင့်ပေ။ထို့အပြင် အနိုင်ကျင့်ခြင်း၊နှင့်ထိခိုက်နစ်နာစေခြင်း ဟူသည်မှာလည်း ကျယ်ပြန့်သောသဘောရှိလွန်းသဖြင့် ယင်းအချက်ကိုအလွဲသုံးနိုင်သည်။ စုဝေးပွဲတွင်ပါဝင်သူတစ်ဦး အပေါ် စုဝေးပွဲတွင်မပါသူတစ်ဦးကအကြမ်းဖက်ခြင်းနှင့်ပတ်သက်၍ ပုံမှန်အသုံးပြုနေကျရာဇဝတ်မှုဆိုင်ရာဥပဒေသည်လုံလောက်မှုရှိပါသည်။
- ဥပဒေမူကြမ်း၏ပုဒ်မ ၁၇ က ပြဆိုသည်မှာ  စုဝေးပွဲတစ်ခုအတွက်ကြိုတင်အသိပေးအကြောင်းကြားစာပေးပို့ရန်ပျက်ကွက်မှုသည် ရာဇဝတ်မှုမြောက်စေသည်ဟုဆိုထားသည်။ အသိပေးအကြောင်းကြား ချက်ကိုပြန်စဉ်းစားမည်ဆိုပါက ထိုအသိပေးအကြောင်းကြားစာသည် မဖြစ်မနေ ပုံသေတင်ပြရမည့်သဘောမဖြစ်သင့်ပေ။ ထို့ကြောင့် ကြိုတင်အသိပေးအကြောင်းကြားစာမပေးပို့ခြင်း၊ သို့မဟုတ် ကြိုတင်အသိပေးအကြောင်းကြားခြင်းဆိုင်ရာလိုအပ်ချက်နှင့်မကိုက်ညီခြင်းသည် ရာဇဝတ်မှု အဖြစ်သတ်မှတ်ရန်အခြေခံအကြောင်းရင်းမဖြစ်သင့်ပေ။

အကြံပြု ထောက်ခံချက်များ

- ဥပဒေမူကြမ်းတွင်ပါဝင်သော ပုဒ်မ ၁၆- ၁၈ တို့ကို လုံးဝထုတ်ပယ်သင့်သည်။

# ARTICLE 19 အကြောင်းသိကောင်းစရာ

ARTICLE 19 သည် ဒေသဆိုင်ရာအဆင့်နှင့် နိုင်ငံတကာအဆင့်တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် နှင့် သတင်းအချက်အလက်လွတ်လပ်ခွင့် တို့၏စံနှုန်း များဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းဥပဒေစနစ်များ တွင်အကောင်အထည်ဖော်ရေးအတွက် တိုက်တွန်းအားပေးမှုပြုသည်။ ဥပဒေရေးရာ ကဏ္ဍက အသရေဖျက်ခြင်း ဆိုင်ရာဥပဒေ၊သတင်းအချက်အလက်ရယူခြင်းဆိုင်ရာဥပဒေနှင့် အသံထုတ်လွှင့်ခြင်း ဆိုင်ရာ ဥပဒေများကဲ့ သို့သော နိုင်ငံတကာ ဥပဒေနှင့် နိုင်းယှဉ်လေ့လာသောဥပဒေများကို အကောင်းဆုံး အသုံးပြုနိုင်ရေးအတွက် စံနှုန်း ချမှတ်သောစာအုပ်စာ တမ်းများစွာကိုထုတ်ဝေခဲ့သည်။

ထိုထုတ်ဝေခဲ့သောစာအုပ်စာတမ်းများကိုအခြေခံပြီး ARTICLE 19 ၏ ဥပဒေရေးရာ ဘက်စုံဥပဒေပညာ ရှင်များအဖွဲ့သည်ဥပဒေလေ့လာဆန်းစစ်သည့် စာအုပ်စာတမ်းများစွာကိုနှစ်စဉ်ထုတ်ဝေသည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့်နီးနွယ်ဆက်စပ်သော  ဥပဒေဆိုင် ရာအဆိုပြုချက်များ ကိုသော်လည်းကောင်း တည်ဆဲဥပဒေများကိုသော်လည်းကောင်း ဝေဘန်သုံးသပ်မှု များလည်းပြုလုပ်သည်။ ၁၉၉၈ခုနှစ် ကတည်းကလုပ်ဆောင်ခဲ့သော၊ကမ္ဘာတစ်ဝှန်းလုံးရှိ ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကြိုးပမ်း အားထုတ် မှုအားအထောက်အပံ့ပေးသည့် ယင်းခွဲခြမ်းစိတ်ဖြာခြင်း လုပ်ငန်းသည်  တည်ဆဲဥပဒေများနှင့် အဆိုပြု ဥပဒေများ၏ ဥပဒေပြုပြင်ပြောင်းလဲမှုကို အဓိကကျသောဦးဆောင်ထောက်ပံ့မှုပေးသည်။ထုတ်ပြန် ထားပြီး ဖြစ် သောဥပဒေ သုံးသပ်အကဲဖြတ်ခြင်းစာတမ်းမျာကို အောက်ပါ ဝက်ဆိုက်လိပ်စာတွင်ရနိုင်သည်။ http://www.article19.org/resources.php/legal.

အကယ်၍ သင့်အနေဖြင့်ထပ်မံဆွေးနွေးလိုသောဆန္ဒရှိပါက သို့မဟုတ် ARTICLE 19 ၏ဥပဒေရေးရာ အစီစဉ် မှ သိရှိစေလိုသော အချက်များရှိပါက ယခုအီးမေးလိပ်စာသို့ဆက်သွယ် နိုင်ပါသည်။ (legal@article19.org ) ARTICLE 19 ၏မြန်မာနိုင်ငံဆိုင်ရာဆောင်ရွက်ချက်များကိုသိရှိလိုပါက အောက်ပါမြန်မာအဖွဲ့အီးမေးလိပ်စာသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ Myanmar@article19.org.